**ASIA WORLD COMPANY LIMITED**

No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

## Press Release

# အေးရှားဝေါလ်လုပ်ငန်းစု၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပပြုလုပ် ယုံကြည်မှု၊ ဆန်းသစ်တီထွင် ဖန်တီးမှုတို့မှတဆင့် မြန်မာနိုင်ငံတွင်း စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်နိုင်ရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော်၊ မြန်မာ - ဇန်နဝါရီလ ၂၇ ရက် ၊ ၂၀၂၀ ခုနှစ်** - မြန်မာနိုင်ငံ၏ ရှေ့ဆောင်လုပ်ငန်းစုကြီးတစ်ခုဖြစ်သော အေးရှားဝေါလ်လုပ်ငန်းစု၏ ၂၀၂၀ ခုနှစ်အတွက် ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ကုမ္ပဏီ၏ လုပ်ငန်းခွဲခေါင်းဆောင်များနှင့်တွေ့ဆုံကာ မိမိကိုယ်ကို ယုံကြည်မှု၊ တီထွင်ဖန်တီးမှုတို့မှတစ်ဆင့် စီးပွားရေးလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အခွင့်အလမ်းသစ်များ ရရှိလာရေးတို့အတွက် အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းဆွေးနွေးခဲ့ပါသည်။

နှစ်ရက်ကြာကျင်းပပြုလုပ်ခဲ့သော (၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ကုမ္ပဏီ၏ လုပ်ငန်းခွဲများမှ ခေါင်းဆောင်များ၊ အကြီးတန်းစီမံခန့်ခွဲသူများနှင့် လူငယ်ဝန်ထမ်းများအပါအဝင် ဝန်ထမ်းပေါင်းသုံးရာကျော်ခန့်ကို စတုတ္ထစက်မှုတော်လှန်ရေး (Industrial 4.0) ဟုခေါ်ဆိုသည့် စတုတ္ထမြောက် စက်မှုအသွင်ကူးပြောင်းရေး ကြိုတင်ပြင်ဆင်ထားနိုင်ရန်၊ ပြုပြင်ပြောင်းလဲမှုများကို လက်ခံကြိုဆိုနိုင်သော တိုးတက်ရေးနည်းဗျူဟာများ ရေးဆွဲထားရန် အေးရှားဝေါလ်လုပ်ငန်းစု တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က တိုက်တွန်းပြောကြားသွားခဲ့ပါသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးကို အေးရှားဝေါလ်လုပ်ငန်းစုပိုင်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ၎င်း၏ အစိုးရအဖွဲ့ဝင်ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်စဉ် ဇန်နဝါရီလ ၁၇ ရက်မှ ၁၈ ရက်နေ့အတွင်း လက်ခံကြိုဆိုဝန်ဆောင်မှုပေးခဲ့သော မြန်မာနိုင်ငံ၏ မြို့တော်၊ နေပြည်တော်ရှိ Horizon Lake View Resort တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

"အချိန်ကြာမြင့်လာတာနဲ့အမျှ အေးရှားဝေါလ်ဟာ ကျယ်ပြန့်စွာ ဖြန့်ကျက်တည်ဆောက်ထားတဲ့ အဆက်အသွယ်တွေနဲ့ ဆက်ဆံရေးတွေနဲ့ အမျိုးမျိုးသော လုပ်ငန်းခွဲတွေ စုပေါင်းတည်ရှိနေတဲ့ လုပ်ငန်းစုကြီးတစ်ခုအဖြစ် တိုးတက်လာခဲ့ပြီဖြစ်ပါတယ်။ အေးရှားဝေါလ်လုပ်ငန်းစုဟာ မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်တွေရဲ့

**ASIA WORLD COMPANY LIMITED**

No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

မိတ်ဖက်လက်တွဲဖော်အနေနဲ့ ရန်ကုန်နဲ့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးနှစ်ခုအပြင် မြန်မာနိုင်ငံရဲ့ အစည်ကားဆုံးဆိပ်ကမ်းဖြစ်တဲ့ အေးရှားဝေါလ်ဆိပ်ကမ်းကိုလည်း စီမံခန့်ခွဲနေတာပဲ ဖြစ်ပါတယ်။




*အေးရှားဝေါလ်လုပ်ငန်းစု၏ ၂၀၂၀ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီလ ၂၁ ရက်နှင့် ၂၂ ရက်နေ့တွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။*

ရှေ့ဆောင်လုပ်ငန်းစုတစ်ခုဖြစ်တာနဲ့အညီ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံကဏ္ဍကို မြှင့်တင်ဆောင်ရွက်မှုမှာ လက်တွဲဆောင်ရွက်ခဲ့တဲ့မှတ်တမ်းကောင်းတွေ စိုက်ထူနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်း အနေနဲ့ တီထွင်ဆန်းသစ်ပြောင်းလဲလိုစိတ်ကို နှလုံးသွင်းပြီး အခွင့်အရေးသစ်တွေကို ယုံကြည်မှုအပြည်နဲ့ ဖမ်းဆုပ်ထားဖို့ လိုပါတယ်။ ဒါမှ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍဆီကို ကူးပြောင်းဖို့ ကြိုတင်ပြင်ဆင်ထားနိုင်မှာ ဖြစ်ပါတယ်။” ဟု ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ပြောကြားခဲ့ပါသည်။

“ကမ္ဘာကြီးဟာ ဒစ်ဂျစ်တယ်စီးပွားရေးအရွေ့တစ်ခုကို အလုံးစုံကူးပြောင်းနေပြီဖြစ်တယ်။ ပိုပြီး ထိရောက်တွင်ကျယ်တဲ့ စနစ်များနဲ့ နေ့ရက်တိုင်း ဖွံ့ဖြိုးတိုးတက်နေပါတယ်။ လုပ်ငန်းစုအနေနဲ့လည်း ဒါကို သဘောတူလက်ခံကျင့်သုံးပြီး နောက်မှာ ကျန်ရစ်နေခဲ့မယ့် စွန့်စားမှုကို သဘောပေါက်သိရှိရပါမယ်။ အခုက စတုတ္ထစက်မှုတော်လှန်ရေး (Industrial 4.0) လို့

No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

ခေါ်ဆိုတဲ့ စတုတ္ထမြောက်စက်မှုအသွင်ကူးပြောင်းရေး ၄.၀ ဖြစ်လာပြီး ပြောင်းလဲမှုက ခက်ခဲမှာ ဖြစ်ပါတယ်။ ဆက်လက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ကျွန်တော်တို့ ပြောင်းလဲရပါမယ်။ ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

အေးရှားဝေါလ်လုပ်ငန်းစု၏ စီမံခန့်ခွဲမှုလက်အောက်ရှိ လူသိများသော လုပ်ငန်းတစ်ခုဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲနေသော Yangon Aerodrome Company Limited ("YACL") မှာလည်း ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများ၏ မနားမနေကြိုးပမ်းအားထုတ်မှုများကြောင့် ၂၀၁၅ ခုနှစ်ကတည်းက ၎င်း၏ လေဆိပ် အသုံးပြုသူခရီးသည်ပမာဏ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

"အရင်နှစ်က YACL အတွက် လုပ်ဆောင်မှုများပြားခဲ့တဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ လေဆိပ်အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံခဲ့ပြီး Training တွေနဲ့ Seminar တွေကတစ်ဆင့် ဝန်ထမ်းတွေရဲ့ အရည်အချင်းမြှင့်တင်မှုများလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါဟာ လေဆိပ်ရဲ့ ဘေးကင်းလုံခြုံမှု၊ လုပ်ငန်းထိရောက်မြန်ဆန်မှုနဲ့ ဝန်ဆောင်မှုအဆင့်အတန်းများကိုလည်း မြင့်တက်စေခဲ့ပါတယ်။ ဒါနဲ့အတူ လေကြောင်းခရီးစဉ်သစ်များ ပိုမိုပွင့်လန်းလာစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့လည်း ထိထိရောက်ရောက်ဆောင်ရွက်နေပါတယ်။ ဒီလိုကြိုးစားမှုရဲ့ အသီးအပွင့်နဲ့ ရလဒ်တွေကို ဆွတ်ခူးရရှိခဲ့တဲ့အတွက် ဝမ်းမြောက်မိသလို အခုနှစ်နဲ့ နောက်လာမယ့်နှစ်များအတွက်လည်း ပိုပြီး အားထုတ်လုပ်ဆောင်သွားပါမယ်။” ဟု YACL ၏ CEO Mr. Ho Chee Tong က ပြောကြားခဲ့ပါသည်။

၁၉၉၂ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ရှေ့ပြေးလုပ်ငန်းစုများထဲမှ တစ်ခုဖြစ်သော အေးရှားဝေါလ်သည် အခြေခံအဆောက်အအုံ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေတိုးတက်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရေး နှင့် အရောင်းဆိုင်ခန်းများ၊ အာမခံလုပ်ငန်း နှင့် ခရီးသွားလာရေးလုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိပြီး ဝန်ထမ်းပေါင်း ၈၀၀၀ ကျော် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

– END –

**ASIA WORLD COMPANY LIMITED**

No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

## About Asia World Group of Companies

## A Journey Together in Myanmar

အေးရှားဝေါလ်ကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီ သည် အခြေခံအဆောက်အအုံ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေတိုးတက်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရေးနှင့် အရောင်းဆိုင်ခန်းများ၊ အာမခံလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပါသည်။

ကုမ္ပဏီစတင်တည်ထောင်ခဲ့ချိန်မှစ၍ ယနေ့အထိ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း အေးရှားဝေါလ်ကုမ္ပဏီမှ အရည်အချင်းပြည့်ဝပြီး တက်ကြွစိတ်အား ထက်သန်သော ဝန်ထမ်းပေါင်း ၈၀၀၀ ကျော်ကို ပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီးဖြစ်ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်လုပ်ငန်းစုများ၊ ဝန်ထမ်းများနှင့် ပြည်သူလူထုအကြား အပြန်အလှန်အကျိုးပြုသည့် ဆက်နွယ်မှုကို အလေးထားယုံကြည်ပါသည်။

အေးရှားဝေါလ်ကုမ္ပဏီသည် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှု၊ ရိုးသားပွင့်လင်းမှုနှင့် စီမံခန့်ခွဲမှုတို့တွင် ဂုဏ်ယူဝင့်ကြွားစွာ၊ အဆင့်အတန်းမြင့်မားစွာ ဖြင့် ရပ်တည်လျက်ရှိပါသည်။ ရှေ့ဆက်၍လည်း အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ဆောင်ချက်များတွင် အကောင်းမွန်ဆုံးရလဒ်များ ထွက်ပေါ်လာရေး ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။